အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၏ ရိုဟင်ဂျာလူမျိုးစုများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုနှင့်စပ်လျဉ်းသည့် အပြီးသတ်အမှုစီရင်မှုအပေါ် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ကြိုဆိုကြောင်းထုတ်ပြန်ချက်

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့။

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့တွင် ရိုဟင်ဂျာလူမျိုးစုများအပေါ် မြန်မာနိုင်ငံက လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) က ချမှတ်လိုက်သည့် အပြီးသတ်စီရင်ချက်အပေါ် မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ကြိုဆိုထောက်ခံပါသည်။

တရားရုံး၏ တွေ့ရှိချက်အရ မြန်မာနိုင်ငံလုံခြုံရေးတပ်ဖွဲ့များသည် ရိုဟင်ဂျာအမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ပဋိပက္ခနှင့်ဆက်နွယ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပါအဝင် နည်းမျိုးစုံဖြင့် လိင်အကြမ်းဖက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့ပြီး ကလေးငယ်များကိုလည်း ပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့ကြပါသည်။ ထိုရက်စက်ကြမ်းကြုတ်သည့် ကျူးလွန်မှုလုပ်ရပ်များသည် လူမျိုးတုံးသတ်ဖြတ်မှုမြောက်ကြောင်း တရားရုံးက အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် သက်သေများစွာရှိသည့်အနက် တစ်ခုအပါအဝင်ဖြစ်သည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမှန်တရားနှင့် တရားမျှတမှုရရှိရေးအတွက် ကြိုးပမ်းနေကြသော ရိုဟင်ဂျာအမျိုးသမီးများ၊ မိန်းကလေးငယ်များအပါအဝင် ရှင်သန်လွတ်မြောက်လာသူ အားလုံးနှင့်အတူ ရပ်တည်လျက် ရှိပါသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ရိုဟင်ဂျာပြည်သူများအတွက် တရားမျှတမှုရရှိရေး၊ တာဝန်ယူ၊ တာဝန်ခံမှုရှိလာရေးတို့အတွက် မိမိတို့၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။ အထူးသဖြင့် ရက်စက်ကြမ်းကြုတ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ခါးစည်းခံကြံ့တွေ့ခဲ့ရသည့် ရိုဟင်ဂျာအမျိုးသမီးများနှင့် ကလေးငယ်များအတွက် မိမိတို့အနေဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းသွားမည် ဖြစ်သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် (၂၇) နှစ်ကျော် မြန်မာနိုင်ငံတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် အမျိုးသမီးများအပေါ် ကျူးလွန်သည့်အခြားသော လိင်နှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုများကို မှတ်တမ်းတင် ဖော်ထုတ်ခဲ့သည့်အပြင် နည်းမျိုးစုံဖြင့် ပြင်းထန်စွာရှုတ်ချခဲ့သည်။ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခ၏ ဒဏ်ကို ရင်ဆိုင်ခံစားနေရသည့် တိုင်းရင်းသူ အမျိုးသမီးများအပေါ် ကျူးလွန်သည့် အကြမ်းဖက်မှုများကို အလေးထား ဖော်ထုတ်မှတ်တမ်းတင်ခဲ့သည်။ ရိုဟင်ဂျာ အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် ကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများသည် ကျယ်ပြန့်စွာဖြစ်ပွားခဲ့သည့်

လူ့အခွင့်အရေးချိုးဖောက်မှုများကို အဆုံးသတ်ရန်၊ တရားမျှတမှု ဖော်ဆောင်ရန်၊ ကျူးလွန်သူများကို တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန်နှင့် ကျူးလွန်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အဆုံးသတ်ရေး တို့အတွက် အရေးတကြီး ဆောင်ရွက်ရန် လိုအပ်နေကြောင်း ပိုမိုထင်ရှားစေသည်။

WLB သည် အာဏာသိမ်းအကြမ်းဖက်စစ်တပ်အား မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်မပြုပါ။ လက်ရှိတွင် အာဏာကို ကျင့်သုံးနေသည့် အာဏာသိမ်းအကြမ်းဖက်စစ်တပ်သည် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ သဘောတူစာချုပ်အရ အဓိကပါဝင်ခဲ့သော အဖွဲ့အစည်းပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏ ချိုးဖောက်မှုများ ဖြစ်ပေါ်စေခဲ့သည့် လုပ်ရပ်များတွင် အဓိက တာဝန်ယူ တာဝန်ခံရမည် ဖြစ်သည်။

မိမိတို့အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ခုခံတော်လှန်ရေးအဖွဲ့အစည်းများအားလုံးနှင့် ပေါ်ပေါက်လာနေသည့် ဖက်ဒရယ်ဒီမိုကရေစီဆိုင်ရာ ဦးဆောင်မှုအဖွဲ့များသည် အရပ်သားပြည်သူများကို အကာအကွယ်ပေးရေး၊ လူမျိုးတုံးသတ်ဖြတ်မှု၊ ပဋိပက္ခနှင့် ဆက်နွယ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် အခြားသော ရက်စက်ကြမ်းကြုတ်သည့်ရာဇဝတ်မှုများ ထပ်မံမဖြစ်ပွားစေရေး တရားမျှတမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးတို့အတွက် မိမိတို့၏ သက်ဆိုင်ရာအခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်များအလိုက် တာဝန်ယူဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

မိမိတို့အနေဖြင့်လည်း မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ရိုဟင်ဂျာလူမျိုးစုများအတွက် တရားမျှတမှု၊ အမှန်တရားပေါ်ထွန်းမှုနှင့် ရိုဟင်ဂျာလူမျိုးစုများအပေါ် ကျူးလွန်ခဲ့သည့် လုပ်ရပ်များအား တာဝန်ယူမှု၊ တာဝန်ခံမှု ရရှိရေးအတွက် ရိုဟင်ဂျာအမျိုးသမီးအဖွဲ့အစည်းများ၊ ရိုဟင်ဂျာလူမှုအသိုင်းအဝိုင်းများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် ကတိကဝတ်ကို ထပ်မံအတည်ပြုပါသည်။

ဆက်သွယ်ရန်

၁။ နှင်းနှင်း (မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင်) Signal - +95 925 926 7098

၂။ မော်ဘျားမာဦး (အထွေထွေ အတွင်းရေးမှူး) Signal - +66 93 779 5583